# Myanmar Yatai International Holding Co., Ltd. နှင့် Apex Rubber Co., Ltd. သို့ကွင်းဆင်းစစ်ဆေးခြင်း [1]

Posted on 26 June 2019

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အရ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်လျက်ရှိသော Myanmar Yatai International Holding **Co., Ltd.** သည် ကွင်းအမှတ် (OSS-၆၉-)၊ ရွှေကုက္ကိုရ်မိုင်ငြိအပငြ်ကွင်း၊ ဦးပိုင်အမှတ်(၂)၊ ပူလွဲပူကျေးရွာ၊ မဝတီမြို့နယ်၊ ကရင် ပြည်နယ်ရှိမြေ ၆၂ ဧက အနက် ၂၅.၅ဧကတွင် မတည်ငွေရင်းပမာဏ ၂၅.၅သန်းဖြင့် အဆင့်မြင့်ဗီလာ (၅၉) လုံးပါဝင်သော Construction, Operation and Leasing of High-End Villas လုပ်ငန်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုမိန့်အရ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်လျက်ရှိသော**Apex Rubber Co., Ltd.** မြေ

ကွက်အမှတ်-၉၊၁၂၊၂၃၊ ၂၉၊ ဦးပိုင်အမှတ်-၁၅၊၁၆၊၁၇၊၁၈၊ မြဝတီစီးပွားရေးဇုန် (၆)၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်ရှိ CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း တို့အားပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဦးဆောင်သောသက်ဆိုင်ရာဌာနများမှတာဝန်ရှိပုဂ္ဂိုလ်များပါဝင်သည့်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဝင် စုစုပေါင်း (၁၂)ဦးပါဝင်၍ ၂၀၁၉ခုနှစ်၊ ဇွန်လ ၂၁ရက်နေ့ တွင် သွားရောက်စစ်ဆေးပြီးလိုအပ် သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative